# ၁၂ ကြိမ်မြောက် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ် အစည်းအဝေးရလဒ်များနှင့် သက်ဆိုင်သည့်လုပ်ငန်းအဖွဲ့များ၏ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအစည်းအဝေးကျင်းပ

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် အင်္ဂါနေ့၊ နံနက် (၁၀:၀၀) နာရီတွင် ဗဟိုစာရင်းအင်းအဖွဲ့ Seminor Room ခန်းမ၌ ၂၀၂၃ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်မှ ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးကို ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်က ဦးဆောင်၍ SCPC (Sub-Committee on Planning and Coordination) အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာလုပ်ငန်း အဖွဲ့များဖြစ်ကြသည့် WGIIS ၊ WGSNA ၊ WGSDGI ၊ WGIMTS ၊ WGSITS ၊ WGDSA အဖွဲ့တို့မှ Focal Person များတက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၁-၂၃ ရက်နေ့ထိ ကျင်းပခဲ့သည့် ၁၂ ကြိမ်မြောက် အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ်အစည်းအဝေး Agenda များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များ၊ ASEANstats သို့ စာရင်းအင်းများ ပံ့ပိုးပေးနေမှုအခြေအနေများနှင့် 2016-2025 Multi Year Work Plan နှင့် ဆက်စပ်ပြီး ၂၀၂၃ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်မှ ဆက်လက်အကောင် အထည်ဖော်မည့် လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ပါသည်။

## ACSS12 အစည်းအဝေးရလဒ်များနှင့် ရှေ့ဆက်လုပ်ငန်းစဉ်များကို လုပ်ငန်းအဖွဲ့များအလိုက် ဆွေးနွေးမည့် online အစည်းအဝေး

၂၇-၁၂-၂၀၂၂

